**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**နေ့စဉ်ဈေးကွက်သတင်းလွှာ**

March 26 , 2026 Volume 100 , Number 18

၂၆. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၅.၉၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၄၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၃.၇၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၇.၈၂ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၁၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၉.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၅.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၁ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ရှမ်းကြက်သွန်ဖြူ ဈေးကွက်အခြေအနေ




"နှစ်တိုင်း အသစ်ပေါ်ချိန်ရောက်ရင် ဈေးကျတယ်။ မနှစ်ကဆို ၃၅၀၀ ကျပ်အထိ ကျသွားတယ်။ ဒီနှစ်ကဈေးပိုကောင်းတယ်ပြောလို့ရတယ်"ဟု ကြက်သွန်ဖြူကုန်သည်တစ်ဦးကဆိုသည်။

ယခုနှစ် မတ်လ တတိယပတ်က အောင်ပန်းထူးကြက်သွန်ဖြူ တစ်ပိဿာလျှင် ၆၅၀၀ ကျပ်မှ ၈၅၀၀ ကျပ်အထိရှိခဲ့ပြီး လက်ရှိ မတ်လ ၂၅ ရက်နေ့တွင် ထူးတစ်ပိဿာလျှင် ၅၅၀၀ ကျပ်မှ ၇၅၀၀ ကျပ်အထိ ကျဆင်းသွားကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

ရှမ်းကြက်သွန်ဖြူများ အဝင်များလာသည့်အတွက် ဈေးအနည်းငယ်ကျဆင်းသွားပြီး တရုတ်ကြူကုတ် ကြက်သွန်ဖြူများ ဈေးတက်လာကြောင်း ဈေးကွက်အရသိရသည်။

ပြည်တွင်း ကြက်သွန်ဖြူအသစ်များသည် ဖေဖော်ဝါရီလလယ်မှစ၍ မေလအထိ ဈေးကွက်အတွင်း အဝင်များနေမည်ဖြစ်ပြီး တရုတ်ကြက်သွန်များမှာမူ အဝင်နည်းနေသည့်အတွက် ဈေးတက်လာကြောင်း တွေ့ရသည်။

"ဒီနှစ်မှာ ဈေးကောင်းခဲ့တာ၊ အခု မေလအထိက ကြက်သွန်ဖြူပေါ်ချိန်ဆိုတော့ ဈေးက ပြန်ကျသွားတာ။ ဘယ်အချိန် ပြန်ရှာမလဲဆိုရင် ဆယ်လပိုင်းလောက်မှ ရှားသွားမယ်။ ဈေးကွက်သဘောအရ ကြူကုတ်မရှိရင် ရှမ်းကြက်သွန်ဈေးက ထိုးတက်သွားတာ။ အခုက ကြူကုတ်ကလည်း ဝင်နေသေးတယ်။ အခုရှမ်းကလည်း အသစ်ပေါ်ချိန်ဆိုတော့ ရှမ်းကြက်သွန်ဈေးက တဖြည်းဖြည်းကျလာတာပါ"ဟု အောင်ပန်းကုန်စုံရောင်းဝယ်ရေးမှ

ကုန်သည်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လများက နယ်စပ်များတွင် အခြေအနေမတည်ငြိမ်မှုများ ဆက်တိုက်ဖြစ်နေသည့်အတွက် တရုတ်နိုင်ငံမှ တရားမဝင် ကြက်သွန်ဖြူဝင်ရောက်မှု နည်းသွားခြင်းကြောင့် ဈေးကောင်းရနေခဲ့ခြင်းဖြစ်ကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်လတတိယပတ်၌ ကြက်သွန်ဖြူ ကြူကုတ်ရှယ် တစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်သာရှိခဲ့သော်လည်း မတ်လ ၂၅ ရက်နေ့တွင် ကြူကုတ်တစ်ပိဿာလျှင် ၁၄,၀၀၀ ကျပ်အထိ မြင့်တက်သွားကြောင်း သိရသည်။

လက်ရှိ ရှမ်းပြည်နယ်ထွက် ကြက်သွန်ဖြူများ ဝင်ရောက်မှုများနေချိန်တွင် တရုတ်ကြူကုတ်အစား ပြည်တွင်းဖြစ် ကြက်သွန်ဖြူများကိုသာ ဝယ်ယူသုံးစွဲရန် တောင်သူများက တောင်းဆိုမှုများလည်းရှိနေသည်။

ပြည်တွင်း၌ ကြက်သွန်ဖြူကို အောက်တိုဘာနှင့်နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီနှင့်မတ်လတို့တွင် အများဆုံးထွက်ရှိကြောင်း သိရသည်။

**Source :** https://htwettoe.com/

## မြေပဲဆန် ရှားပါးလာမှုကြောင့် စံချိန်တင် ဈေးမြင့်တက်နေ



မကွေးမြို့ ပဲမျိုးစုံဈေးကွက်မှာ မြေပဲဆန် ရှားပါးလာတာကြောင့် စံချိန်တင် ဈေးမြင့်တက်နေတယ်လို့ ကုန်သည်တွေဆီကနေ သိရပါတယ်။

မြေပဲဆန်ဈေးကွက်ဟာ နေ့စဉ်နဲ့အမျှ ပြောင်းနေပြီး တစ်ပိဿာကို ကျပ် ၅၀၀ ကနေ ကျပ် ၁၀၀၀ ဝန်းကျင်ထိ ဈေးတက်နေတာပါ။

မြေပဲပေါ်ချိန်က မြေပဲဆန်တစ်ပိဿာကို ကျပ် ၈၅၀၀ ကျော် ၉၀၀၀ ဝန်းကျင်သာဈေးရှိပြီး လက်ရှိမှာတော့ မြေပဲဆန်တစ်ပိဿာကို ၁၃,၀၀၀ကျပ် ဝန်းကျင်ဈေးရှိနေတယ်လို့ မကွေးမြို့ မြေပဲ၊ နှမ်း၊ သီးနှံမျိုးစုံ ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

အရင်နှစ်တွေက မြေပဲပေါ်ချိန်မှာ ပဲဆန်ဈေးနှုန်းဟာ ၉၀၀၀ ကျပ်ဝန်းကျင်ဈေးသာရှိခဲ့ပြီး ဈေးနှုန်းအမြင့်ဆုံးက ၁၀,၅၀၀ ကျပ် ဝန်းကျင်ဈေးသာရှိခဲ့တာပါ။ မကွေးမြို့နယ်မှာ မြေပဲဆန်ကို ပဲဆီထုတ်လုပ်တာအပြင် စားသောက်ကုန်လုပ်ငန်းတွေမှာလည်း အသုံးပြုကြပြီး တရုတ်နိုင်ငံကိုလည်း နှစ်စဉ်တင်ပို့ရတယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ပြည်တွင်းထုတ် သဘာဝသစ်ဆွေးမြေဩဇာလုပ်ငန်း အောင်မြင်



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှာ စွန့်ပစ်သဘာဝပစ္စည်းကို အခြေခံထုတ်လုပ်တဲ့ သဘာဝသစ်ဆွေး မြေဩဇာထုတ်လုပ်မှုလုပ်ငန်းဟာ အောင်မြင်နေတယ်လို့ သိရပါတယ်။

ဒီလုပ်ငန်းကို ၂၀၁၉ ခုနှစ်က စတင်ထုတ်လုပ်ခဲ့ရာ တောင်သူတွေ လက်လှမ်းမီသုံးနိုင်တဲ့ ဈေးနှုန်းဖြစ်တာအပြင် အော်ဂဲနစ်စွမ်းအင် အပြည့်ရရှိတာကြောင့် အချိန်တိုအတွင်း သုံးစွဲသူများလာတာလို့ သိရပါတယ်။

မြေဆီလွှာပျက်စီးဆုံးရှုံးမှုကို ကာကွယ်တဲ့အပြင် လိုအပ်တဲ့သစ်ဆွေးဓာတ်အပြည့်ပါဝင်တယ်။ ဈေးနှုန်းကလည်း ထက်ဝက်ကျော်ကွာတယ်လို့ The True Heart စိုက်ပျိုးရေးလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးက ပြောပါတယ်။

တချို့လယ်ယာမြေတွေမှာ ဓာတ်မြေသြဇာ အလွန်အကျွံသုံးထားကြတာကြောင့် မြေကတော်တော်ပျက်စီးနေတာကို ပြုပြင်ဖို့ အတွက် ဇီဝမြေသြဇာကို ပြောင်းသုံးလာကြတာလို့ သိရပါတယ်။

ဇီဝမြေသြဇာဟာ မြေလွှာပျက်စီးမှုကို ကာကွယ်ရုံသာမကပျက်စီးနေတဲ့မြေလွှာတွေကိုပါလိုအပ်တဲ့ သစ်ဆွေးဓာတ်ပြန်လည်ဖြည့်တင်းပေးပြီး စပါးမဟုတ်တဲ့ သီးနှံတွေဆိုရင် သူတစ်မျိုးတည်းနဲ့ လုံလောက်တယ်လို့ တောင်သူအချို့က ပြောပါတယ်။

ဇီဝမြေသြဇာကိုသုံးစွဲတာကြောင့် တစ်ဧကကို ကျပ်တစ်သိန်းလောက် သက်သာသွားပြီး ဖြေဆီလွှာဖြစ်ထွန်းတဲ့ အကျိုးအမြတ်လည်း ကျန်ခဲ့တယ်လို့ ကန်ကြီးထောင့်မြို့နယ်ခူချောင်ကျေးရွာက တောင်သူတစ်ဦးက ပြောပါတယ်။

တိုင်းဒေသကြီးအစိုးရကလည်း ခေါ်ယူတွေ့ဆုံတာတွေပြုလုပ်နေပြီး စီမံကိန်းတစ်ရပ်အနေနဲ့ ပူးပေါင်း ဆောင်ရွက်မယ်ဆိုရင် သွင်းအားစုတင်သွင်းရတဲ့ဒေါ်လာသုံးစွဲမှုကိုပါအထိုက်အလျောက်လျှော့ချနိုင်မယ်လို့အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးက ပြောပါတယ်။

**Source:** https://onenewstvchannel.com/

## မြို့သစ်မြို့နယ်မှ ဒေသထွက်မန်ကျည်းသီးများ ဈေးကောင်းရရှိ



မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် မန်ကျည်းသီးအဝယ်ဒိုင်သို့ မန်ကျည်းသီးများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး မန်ကျည်းသီးဈေးမြင့်တက်နေကြောင်း မန်ကျည်းသီးဝယ်ယူသူတစ်ဦးထံက သိရသည်။

အညာဒေသတွင် မန်ကျည်းပင်များကို စိုက်ပျိုးခြင်းမရှိဘဲ အလေ့ကျမန်ကျည်းပင်များကို ယာပိုင်ရှင်၊ အိမ်ပိုင်ရှင်များက ပြုပြင်ကာ အပွင့်ပွင့်၊အသီးသီးရင့်မှည့်ချိန်တွင် မန်ကျည်းပင်အောက်၌ ပေါင်းမြက်ရှင်းလင်းကာ မန်ကျည်းသီးများ ဆွတ်ခူးရောင်းချလျက်ရှိသည်။

မြို့သစ်မြို့နယ်အတွင်း ကျေးလက်တောင်သူများသည်တောင်သူလုပ်ငန်းနားချိန်တွင် အလေ့ကျမန်ကျည်းပင်များက မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေဖြည့်ဆည်းပေးနေသဖြင့် အလေ့ကျပဒေသာပင်ဖြစ်ကြောင်း၊ အသီးသီးပြီးလျှင်လည်း မန်ကျည်းကိုင်းများကိုခုတ်ကာ ထင်းအဖြစ်အသုံးပြုကြကြောင်းနှင့် မန်ကျည်းသီးပင်များအား တစ်သီးသီးပြီးတိုင်း အကိုင်း၊ အခက်များကို ခုတ်ပေးမှသာ မန်ကျည်းသီးပင်များ အညွှန့်၊ အကိုင်း အထွက်သန်ကာ နောက်တစ်ကြိမ်ပြန်လည် အပွင့်ပွင့်၊ အသီးသီးချိန်တွင် မန်ကျည်းသီးများမှာ အလုံးထွားမည်ဖြစ်ကြောင်း ဒေသခံများထံက သိရသည်။

မန်ကျည်းသီးကောက်ယူရောင်းချသော တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိပြီး ပွဲစားများအနေဖြင့်လည်း မန်ကျည်းသီးများအား ဝယ်ယူ၍ သိုလှောင်ထားပါက အဆင်ပြေမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မန်ကျည်းသီး ၁ ပိဿာလျှင် ကျပ် ၂၀၀၀-၂၇၀၀ ဖြင့်ဝယ်ယူရသည်ဟုမန်ကျည်းသီး ဝယ်ယူသူတစ်ဦးထံက သိရသည်။

တောင်သူများအနေဖြင့်လည်း တနေကုန်ကောက်လျှင် ပိဿာချိန် ၃၀ ပိဿာ ဝန်းကျင် ရရှိသည့်အတွက် မိသားစုအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသည်ဟု မြို့သစ်မြို့နယ်မှ မန်ကျည်းသီးကောက်ယူရောင်းချနေသူတစ်ဦးထံက သိရသည်။

မြို့သစ်မြို့နယ်တွင် မန်ကျည်းပင်အမြောက်အမြားရှိကြပြီး မန်ကျည်းသီးမှည့်များစတင် ဆွတ်ခူးရောင်းချချိန်တွင် ၁ ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် စတင်ရောင်းချခဲ့ရာမှ မန်ကျည်းသီးများလှိုင်လှိုင်ပေါ်ချိန်တွင် ၁ ပိဿာလျှင် ကျပ် ၂၇၀၀ ဖြင့် ရောင်းချရသောကြောင့် မန်ကျည်းသီးရောင်းချသူများမှာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source : DOCA(**မကွေး)

## ထားဝယ်မြို့ရှိ ပုစွန်ခြောက်ဈေးနှုန်း၊ ထွက်ရှိမှုနှင့်တင်ပို့မှုအခြေအနေ



တနင်္သာရီတိုင်းဒေသကြီး၏ လက်ရှိအချိန်တွင် ရာသီအလိုက် ပြောင်းလဲမှုများနှင့် ဈေးကွက်လိုအပ်ချက်အပေါ် မူတည်ကာ ဆက်လက်လှုပ်ရှားနေကြောင်းသိရသည်။

ပုစွန်ခြောက်ထုတ်လုပ်မှုအနေဖြင့် ပင်လယ်ထွက်ပုစွန်များ ရရှိမှုအပေါ် မူတည်ပြီး ဒီနှစ်အစပိုင်းတွင် ပုစွန်ဖမ်းဆီးရရှိမှု အနည်းငယ် လျော့နည်းနေသဖြင့် ပုစွန်ခြောက်ထွက်ရှိမှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းနေကြောင်း ဒေသခံလုပ်ငန်းရှင်များက ပြောသည်။

သို့သော် နွေရာသီကာလအတွင်း နေရောင်ပြင်းထန်မှုကြောင့် အရည်အသွေးကောင်းမွန်သော ခြောက်သွေ့ပုစွန်ခြောက်များ ထုတ်လုပ်နိုင်ခြင်းလည်း တွေ့ရသည်။

ဈေးနှုန်းအနေဖြင့် ပုစွန်ခြောက်အမျိုးအစား၊ အရွယ်အစားနှင့် အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၉၀,၀၀၀ မှ ၁၆၀,၀၀၀ အထိ ရှိနေပြီး အရွယ်ကြီး၊ အရည်အသွေးမြင့် ပုစွန် ခြောက်များမှာ ဈေးပိုမိုမြင့်တက်နေကြောင်း သိရသည်။

မကြာသေးမီကာလအတွင်း ကုန်ကြမ်းပုစွန် ဈေးတက်လာခြင်းနှင့် သယ်ယူပို့ဆောင်ရေး စရိတ်မြင့်တက်လာခြင်းတို့ကြောင့် ပုစွန်ခြောက်ဈေးနှုန်းများလည်း တဖြည်းဖြည်းမြင့်တက်လာသည်ဟုဆိုသည်။

တင်ပို့မှုအနေဖြင့် ထားဝယ်မြို့မှထွက်ရှိသောပုစွန်ခြောက်များကို ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများသို့ အဓိကပို့ဆောင် ရောင်းချနေပြီးထိုင်းနိုင်ငံနှင့်နီးစပ်သည့်ဒေသများသို့လည်း နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့မှုများရှိနေကြောင်း သိရသည်။

သို့ရာတွင် နယ်စပ်ကုန်သွယ်ရေးတွင် စည်းမျဉ်းစည်းကမ်းများနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် တင်ပို့မှု အချို့တွင် အခက်အခဲများလည်း ကြုံတွေ့နေရပြီး ထားဝယ်မြို့ရှိ ပုစွန်ခြောက်ဈေးကွက်သည် ထွက်ရှိမှု အနည်းငယ်ကျဆင်း သော်လည်း ဈေးနှုန်းတိုးမြင့်နေကြောင်း သိရသည်။

**Source : DOCA**(တနင်္သာရီ)

## အမေရိကန်ဗဟိုဘဏ် (Federal Reserve) က အတိုးနှုန်းများ မပြောင်းလဲသောကြောင့် ဒေါ်လာဈေးတက်

ပြီးခဲ့သည့်ရက်များက ဈေးကျခဲ့သော အမေရိကန်ဒေါ်လာသည် ဗဟိုဘဏ်မှ အတိုးနှုန်း မပြောင်းလဲခဲ့ခြင်းကြောင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ အခြားသော အဓိကငွေကြေးများနှင့်နှိုင်းယှဉ်လျှင် အားကောင်းလာပြီဖြစ်သည်။

အမေရိကန်၊ အစ္စရေးနှင့် အီရန်စစ်ပွဲ၏ စီးပွားရေးအကျိုးသက်ရောက်မှုကြောင့် ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှု ပိုမိုမြင့် မားခြင်းနှင့် အတိုးနှုန်းကို ၁ ရာခိုင်နှုန်း လျှော့ချရန် ဗဟိုဘဏ်က ခန့်မှန်းခဲ့သည်။

စစ်ပွဲမှာ ၃ ပတ်နီးပါး ကြာမြင့်ပြီး၊ ရေနံဈေးနှုန်းများ တက်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများက ပိုမိုဘေးကင်းလုံခြုံသော အမေရိကန်ဒေါ်လာ ပိုင်ဆိုင်မှုများသို့ တွန်းပို့လာသောကြောင့် အရှေ့အလယ်ပိုင်းပဋိပက္ခနောက်ပိုင်း ဒေါ်လာဈေးသည် အား ကောင်းလာခဲ့သည်။

ကနေဒါရှိ ဈေးကွက်လေ့လာသူတစ်ဦး Karl Schamotta က အမေရိကန်တွင် ဒီဇင်ဘာလကထက် စီးပွားရေးတိုးတက်မှု နိမ့်ကျခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ငွေကြေးဖောင်းပွမှု မြင့်မားခြင်းတို့ ရှိသော်လည်း ဒေါ်လာဈေးတက်ခြင်းသည် ရေနံဈေးတက်မှုကိုယာယီသာဖြစ်ပြီးဝယ်လိုအားကြောင့်သာဖြစ်ကြောင်းပြောကြားခဲ့သည်။

ဒေါ်လာသည် ဆွစ်ဖရန့်နှင့်ယှဉ်လျှင် သုည ဒသမ ၉၂ ရာခိုင်နှုန်း (၁ ဒေါ်လာ = သုည ဒသမ ၇၉၂ ဆွစ်ဖရန့်) ၊ ယူရို နှင့်ယှဉ်လျှင် သုည ဒသမ ၅ ရာခိုင်နှုန်း (၁ ယူရို = ၁ ဒသမ ၁၄၈ ဒေါ်လာ)၊ ယန်းနှင့် ယှဉ်လျှင် သုည ဒသမ ၄၃ ရာခိုင်နှုန်း (၁ဒေါ်လာ = ၁၅၉ ဒသမ၇ ယန်း) ၊ စတာလင်ပေါင်နှင့်ယှဉ်လျှင် သုည ဒသမ ၄၆ ရာခိုင်နှုန်း (၁ စတာလင်ပေါင် = ၁ ဒသမ၃၂၉၂

ဒေါ်လာ) ၊ ယွမ်နှင့်ယှဉ်လျှင် သုည ဒသမ ၁၉ ရာခိုင်နှုန်း (၁ ဒေါ်လာ = ၆ ဒသမ ၈၉၄ ယွမ်) ဈေးပေါက်ခဲ့ကြောင်း သိရသည်။

နယူးယောက်စတော့အိတ်ချိန်းမှအကြီးတန်းသုံးသပ်သူ Joseph Trevisani က ဗဟိုဘဏ်အနေဖြင့် ဒေါ်လာဈေးအပြုသဘောဆောင်နေသရွေ့ အတိုးနှုန်းထားများ (သို့မဟုတ်) အစိုးရငွေချေးစာချုပ် ဈေးကွက်လားရာ (Treasury markets direction) တို့ကို မည်သို့ဆက်ဖြစ်မည်ကို စဉ်းစားမည်မဟုတ်ကြောင်း၊ ငွေချေးစာချုပ်နှုန်းများသည် ပြီးခဲ့သည့် ၂ လ ၊ ၃ လ က ထက်ဈေးပိုတက်နေကြောင်းပြောကြားခဲ့သည်။

အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ Jerome Powell က ဗဟိုဘဏ်အနေဖြင့် ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော ရေနံဈေးနှုန်းများ မြင့်မားလာမှုကို စောင့်ကြည့်နေပြီး အကယ်၍ ကုန်စည်ဈေးနှုန်းများကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုကို လျှော့ချနိုင်ပါကစီးပွားရေးတိုးတက်မှုရှိလာမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဥရောပဗဟိုဘဏ်၊ အင်္ဂလန်ဗဟိုဘဏ်နှင့် ဂျပန်ဗဟိုဘဏ်တို့သည်လည်း အတိုးနှုန်းများကို ယခုအတိုင်း ဆက်လက်ထားရှိမည်ဟုခန့်မှန်းထားပြီးကုန်သည်များအနေဖြင့်မူ အရှေ့အလယ်ပိုင်းစစ်ပွဲကြောင့် ဖြစ်လာမည့် ငွေကြေးဖောင်းပွမှု ရှော့ခ်ကြားမှ ချေးငွေကြောင့်ဖြစ်လာမည့်ကုန်ကျစရိတ်အလားအလာကိုတွက်ချက်နေမည်ဖြစ်ကြောင်းရိုက်တာသတင်းဌာနကဖော်ပြထားသည်။

**Source: Reuters**

https://commerce.gov.mm

## ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၏ လယ်ယာသွင်းကုန်နှင့် ပို့ကုန်များအပေါ် အရှေ့အလယ်ပိုင်းတင်းမာမှုများ၏ သက်ရောက်မှုကို အနီးကပ်စောင့်ကြည့်လျက်ရှိ

စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၏လယ်ယာသွင်းကုန်နှင့် ပို့ကုန်များအပေါ် အရှေ့အလယ်ပိုင်းတင်းမာမှုများ၏ သက်ရောက်မှုကို အနီးကပ်စောင့်ကြည့်နေပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်လာမှုကိုဖြေရှင်းရန် အစီအမံများပြင်ဆင်နေကြောင်း သိရသည်။

တောင်သူများနှင့် ထုတ်လုပ်သူများအတွက် ကုန်ကျစရိတ်များမြင့်တက်လာနိုင်သည့် စွမ်းအင်ဈေးနှုန်းနှင့် စိုက်ပျိုးရေးသွင်းအားစုများကို ထိခိုက်စေနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုများကို အကဲဖြတ်နေကြောင်း၊ ၎င်းတို့တွင် ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ သယ်ယူပို့ဆောင်ရေးနှင့် လုပ်အားအတွက်မြင့်မားသောဈေးနှုန်းများပါဝင်ကြောင်း၊ ထိုင်းနိုင်ငံသည် နှစ်စဉ် လယ်ယာထွက်ကုန် ဘတ်ငွေဘီလီယံ ၅၀ ခန့် အရှေ့အလယ်ပိုင်းဈေးကွက်များသို့ တင်ပို့နေကြောင်း၊ အဓိကပို့ကုန်များမှာ ဆန်၊ တူနာစည်သွပ်ဘူး၊ သဘာဝရော်ဘာ၊ အေးခဲပြီးပြုပြင်ထားသော ကြက်သားတို့ဖြစ်ကြောင်း၊ တင်းမာမှုများဆက်လက်ရှိနေပါက၊ ပို့ကုန်များသည် တိုးမြှင့်ပို့ဆောင်ခ၊ ကုန်စည်ပို့ဆောင်ခ၊ အာမခံပရီမီယံကြေးများနှင့် နှောင့်နှေးမှုများ သို့မဟုတ် လမ်းကြောင်းပြောင်းခြင်းအပါအဝင် ပထဝီနိုင်ငံရေးဆိုင်ရာ အန္တရာယ်များကြောင့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရနိုင်ကြောင်း ဆန်နှင့်အေးခဲထားသော စားသောက်ကုန်များသည် သယ်ယူပို့ဆောင်ရေးအခြေအနေများပေါ်တွင်ထိခိုက်လွယ်ကြောင်း အမြဲတမ်းအတွင်းဝန် Vinaroj Supsongsuk က ပြောကြားခဲ့သည်။

ထိခိုက်မှုလျော့ပါးစေရန် ဝန်ကြီးဌာနကအစီအမံလေးခုကိုထုတ်ပြန်ခဲ့ကြောင်း၊၎င်းတို့တွင် စွမ်းအင်ဈေးနှုန်းများကို အပတ်စဉ်စောင့်ကြည့်ခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် သက်ရောက်သည့်ငွေလဲနှုန်းအတက်အကျများပါဝင်ကြောင်း၊ ဓာတ်မြေဩဇာနှင့် တိရစ္ဆာန်အစာတွင် ပါဝင်ပစ္စည်းများတင်သွင်းရာတွင်ဖြစ်ပေါ်လာနိုင်သည့် နှောင့်နှေးမှုများကိုဖြေရှင်းခြင်း၊ လတ်ဆတ်ပြီးအေးခဲထားသောစိုက်ပျိုးရေးထွက်ကုန်များအတွက် သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲခြင်း၊ ကုန်စည်ပို့ဆောင်ရေး၊ အာမခံနှင့်စွမ်းအင်ကုန်ကျစရိတ်များမြင့်တက်လာမှုကို စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း၊ ဓာတ်မြေဩဇာလက်ကျန်များကို အပတ်စဉ်စောင့်ကြည့်စစ်ဆေးရန်နှင့်တင်သွင်းတင်ပို့ရောင်းချမှုလုံလောက်စေရန်အတွက်ဝန်ကြီးဌာနကစိုက်ပျိုးရေးဦးစီးဌာနကို ညွှန်ကြားထားကြောင်း၊ တောင်သူများသည် ဓာတ်မြေဩဇာကို အကျိုးရှိစွာအသုံးချနိုင်စေရန် မြေဆီလွှာခွဲခြမ်းစိတ်ဖြာခြင်းအတွက် ပံ့ပိုးကူညီမှုများလည်းရရှိမည်ဖြစ်ကြောင်း၊ သိုလှောင်မှုနှင့် တရားမျှတမှုမရှိသော ဈေးနှုန်းများမြင့်တက်ခြင်းမှ ကာကွယ်ရန်

ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source: NBTWorld၊**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (26.3.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Mar. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,904 (Shares) | 95,204,950 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,000 | +0 | +0.00% | 15,000 | 15,000 | 14,500 | 388 | 5,670,000 | 33,109,694 | 496,645 |
| MTSH | 00002 | 6,300 | +100 | +1.61% | 6,300 | 6,300 | 6,100 | 5,602 | 34,779,200 | 38,929,150 | 245,254 |
| MCB | 00003 | 9,100 | +100 | +1.11% | 9,600 | 9,600 | 9,100 | 60 | 567,000 | 10,400,986 | 94,649 |
| FPB | 00004 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,200 | 7,639 | 32,726,900 | 29,664,613 | 127,558 |
| TMH | 00005 | 3,350 | +150 | +4.69% | 3,250 | 3,350 | 3,200 | 25 | 81,600 | 12,823,224 | 42,958 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,850 | 3,158 | 5,850,050 | 19,977,223 | 37,957 |
| AMATA | 00007 | 3,950 | +50 | +1.28% | 3,950 | 3,950 | 3,950 | 70 | 276,500 | 10,497,598 | 41,466 |
| MAEX | 00008 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,850 | 3,962 | 15,253,700 | 23,804,946 | 91,649 |


YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Mar. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,904 (Shares) | 95,204,950 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,000 | +0 | +0.00% | 15,000 | 15,000 | 14,500 | 388 | 5,670,000 | 33,109,694 | 496,645 |
| MTSH | 00002 | 6,300 | +100 | +1.61% | 6,300 | 6,300 | 6,100 | 5,602 | 34,779,200 | 38,929,150 | 245,254 |
| MCB | 00003 | 9,100 | +100 | +1.11% | 9,600 | 9,600 | 9,100 | 60 | 567,000 | 10,400,986 | 94,649 |
| FPB | 00004 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,200 | 7,639 | 32,726,900 | 29,664,613 | 127,558 |
| TMH | 00005 | 3,350 | +150 | +4.69% | 3,250 | 3,350 | 3,200 | 25 | 81,600 | 12,823,224 | 42,958 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,850 | 3,158 | 5,850,050 | 19,977,223 | 37,957 |
| AMATA | 00007 | 3,950 | +50 | +1.28% | 3,950 | 3,950 | 3,950 | 70 | 276,500 | 10,497,598 | 41,466 |
| MAEX | 00008 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,850 | 3,962 | 15,253,700 | 23,804,946 | 91,649 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 26th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 21,611 (Shares) | 104,509,550 (MMK) |

### Main Board

As of 1:00 pm, 26th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,904 (Shares) | 95,204,950 (MMK) |

| MYANPIX | 624.61 ▲ 3.91 |
|---|---|
| Total Volume (shares) | 20,904 |
| Total Value (MMK) | 95 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,178,136 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 15,000 | ▲ 0 |
| MTSH | 00002 | 6,300 | ▲ 100 |
| MCB | 00003 | 9,100 | ▲ 100 |
| FPB | 00004 | 4,300 | ▲ 0 |
| TMH | 00005 | 3,350 | ▲ 150 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 50 |
| MAEX | 00008 | 3,850 | ▲ 0 |

TIK